ICRC

**သတင်းထုတ်ပြန်ချက်**

**ဇူလိုင်လ ၂၄ရက်၊ ၂၀၂၁ ခုနှစ်**

မြန်မာနိုင်ငံရှိ အကျဉ်းထောင်များတွင် လက်ရှိဖြစ်ပွားနေသောခြေအနေများနှင့်စပ်လျဉ်း၍ လတ်တလော ထုတ်ပြန်ခဲ့သည့် သတင်းအချက်အလက်များကို အိုင်စီအာရ်စီက အနီးကပ်လေ့လာစောင့်ကြည့်လျှက်ရှိပါသည်။ အကျဉ်းထောင်များအပါအဝင် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါကြောင့် ထိခိုက်ခံစားရမှုများမြင့်တက်လာမှုအပေါ် အိုင်စီအာရ်စီက အလွန်အမင်းစိုးရိမ်ပူပန်လျှက်ရှိပါသည်။

အင်းစိန်အကျဉ်းထောင်အပါအဝင် အကျဉ်းထောင်များတွင် လူသားချင်းစာနာထောက်ထားမှုသက်သက် သာဖြစ်သည့် သွားရောက်လေ့လာမှုနှင့် လုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်ရန် အကျဉ်းထောင်တာဝန်ရှိသူများနှင့် ဆက်လက်ဆွေးနွေးလျှက်ရှိပါသည်။ အကျဉ်းထောင်သွားရောက်လေ့လာမှုနှင့်လုပ်ငန်းများကို ကိုဗစ်-၁၉ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ရပ်တန့်ထားရပါသည်။ အကျဉ်းချထားရာနေရာများတွင် ကိုဗစ်-၁၉ရောဂါနှင့် အထွေထွေကျန်းမာရေးဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် အိုင်စီအာရ်စီက ကမ်းလှမ်းကြောင်းကို ထပ်လောင်းပြောကြားလိုပါသည်။

---

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် ခွဲခြားမှုမရှိဘဲ ကြားနေကာ လွတ်လပ်သည့် အဖွဲ့အစည်း ဖြစ်ပြီး ၎င်း၏တစ်ခုတည်းသော လူသားချင်းစာနာထောက်ထားသည့် လုပ်ငန်းတာဝန်မှာ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှုအခြေအနေများကြောင့် ထိခိုက်ခံစားရသူများ၏ အသက်နှင့် ဂုဏ်သိက္ခာကို ကာကွယ်ပေးရန်နှင့် ၎င်းတို့အား အထောက်အပံ့အကူအညီများ ပံ့ပိုးပေးရန်ဖြစ်သည်။ အိုင်စီအာရ်စီသည် အပြည်ပြည်ဆိုင်ရာလူသားချင်း စာနာထောက်ထားမှုဥပဒေ (အိုင်အိတ်ချ်အယ်လ်) နှင့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု မူများ ကို ပိုမိုသိရှိလာစေရန်နှင့် ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ခြင်းဖြင့် ထိခိုက်ခံစားမှုများအား တားဆီးကာကွယ်ရန် လည်း ကြိုးပမ်းပါသည်။